# ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

# Arakan League For Democracy

## ပါတီစည်းမျဉ်းနှင့်ဖွဲ့စည်းပုံ



၂၀၁၇

# ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်

# Arakan League For Democracy

## ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ

### နိုင်ငံရေးမူဝါဒသဘောတရားနှင့် လုပ်ငန်းစဉ်

ပြည်ထောင်စုမြန်မာနိုင်ငံသည် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မြန်မာ(ဗမာ)၊ မွန်၊ ရခိုင်၊ ရှမ်းနှင့်အခြားတိုင်းရင်းသားလူမျိုးများ စုပေါင်းနေထိုင်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပေသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးများအားလုံး စည်းလုံးညီညွတ်ရေးနှင့် တစ်မျိုးသားလုံး သွေးစည်းညီညွတ်ရေးတို့သည် မရှိမဖြစ် လိုအပ်လှပေသည်။ ထိုသို့ သွေးစည်းညီညွတ်မှုဖြင့်သာ ထာဝရငြိမ်းချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ပေသည်။

ထိုသို့ တစ်မျိုးသားလုံးသွေးစည်းညီညွတ်ရေးကိုလည်း ဒီမိုကရေစီအခွင့်အရေး၊ တိုင်းရင်းသားလူမျိုးများ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေးဆိုသည့် ပင်လုံအခြေခံမူပေါ်တွင် အခြေပြုသည့် ပြည်ထောင်စုစနစ်တစ်ရပ်ကို တည်ဆောက်နိုင်မှသာ ရရှိနိုင်မည်ဖြစ်ပေသည်။ သို့မှသာ မြန်မာနိုင်ငံ၏ တာရှည်လှပြီဖြစ်သော ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရငြိမ်းချမ်းရေးကိုလည်း ရရှိနိုင်မည်ဖြစ်သည်။

စီးပွားရေးတွင် လွတ်လပ်သည့်ဈေးကွက်ပေါ်တွင်အခြေခံသည့် စီးပွားရေးစနစ် ခိုင်မာဖြစ်ထွန်းလာရေးဖြစ်သည်။ အဆိုပါစီးပွားရေးစနစ်တွင် နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ အခွင့်အလမ်းညီတူညီမျှဖြင့် မိမိတို့လုပ်ကိုင်လိုသည့် စီးပွားရေးကို လွတ်လပ်စွာ လုပ်ပိုင်ခွင့်ရှိရမည်ဖြစ်သည်။ ထိုနည်းတူ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျဖြင့် ဥပဒေနှင့်အညီ လုပ်ကိုင်ခွင့်ပြုရမည်ဖြစ်ပြီး ရရှိလာမည့် အကျိုးစီးပွားများကိုလည်း ချမှတ်ထားသည့် မူဝါဒများနှင့်အညီ ရယူခံစားကြရမည်ဖြစ်သည်။

ထိုသို့ ဈေးကွက်စီးပွားရေးစနစ်ဖြင့် စီးပွားရေးလုပ်ငန်းများကို လုပ်ကိုင်ရာတွင် အများပြည်သူတို့ အန္တရာယ်မဖြစ်စေရန်အတွက် သဘာဝပတ်ဝန်းကျင် ပျက်စီးမှုမရှိရန်ကိုလည်း ဂရုပြုဆောင်ရွက်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ အခြေခံလူတန်းစားဖြစ်သည့် တောင်သူလယ်သမားများ၊ ၎င်းတို့၏ လယ်ယာလုပ်ငန်းကို စိတ်အေးချမ်းသာစွာဖြင့် လုပ်ကိုင်နိုင်ရန် လယ်ယာမြေပိုင်ဆိုင်မှုနှင့် စပ်လျဉ်း၍ အလေးထားဆောင်ရွက်ရမည်ဖြစ်သည်။

ထိုကဲ့သို့ပင် မြန်မာနိုင်ငံ၏ အခြေခံလူတန်းစားတစ်ရပ်ဖြစ်သည့် အလုပ်သမားများ၏ ဘဝလုံခြုံမှုအတွက်လည်း ဆောင်ရွက်ပေးရမည်ဖြစ်သည်။

အထက်တွင်ဖော်ပြခဲ့သည့် လုပ်ငန်းစဉ်များ အောင်မြင်ဖြစ်ထွန်းစေရန် အဓိကအရေးကြီးသည်မှာ တရားဥပဒေစိုးမိုးရေးပင်ဖြစ်သည်။ တရားဥပဒေစိုးမိုးမှုမရှိဘဲ မည်သည့်လုပ်ငန်းဆောင်တာများကိုမှ

အောင်မြင်အောင် ဆောင်ရွက်နိုင်မည်မဟုတ်ပေ။ ထို့ကြောင့် တရားဥပဒေစိုးမိုးရေးအတွက် လုပ်ဆောင်ရန် လိုအပ်သည်များကိုလည်း ဆောင်ရွက်ရမည်ဖြစ်ပေသည်။

ဤသို့ အရေးပါသည့် လုပ်ငန်းစဉ်များအား အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ၁၉၈၈ ခုနှစ် ကျောင်းသားများဦးဆောင်မှုဖြင့် တစ်ပါတီအာဏာရှင်စနစ် ဆန့်ကျင်ရေး လူထုအုံကြွမှုတွင် ရခိုင်အမျိုးသားများက ရခိုင်အမျိုးသားသမဂ္ဂကို စတင်ဖွဲ့စည်းခဲ့ကြပေသည်။ တစ်ပါတီအာဏာရှင်စနစ် ကျဆုံးပြီးနောက်ပိုင်း နိုင်ငံရေးပါတီများ မှတ်ပုံတင်တည်ထောင်ခွင့်ပြုခဲ့ရာမှ ရခိုင်အမျိုးသားသမဂ္ဂက ဦးဆောင်၍ ရန်ကုန်မြို့ ရခိုင်သဟာယအသင်းနှင့် တိုင်ပင်ဆွေးနွေးကာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ပါတီကို ဖွဲ့စည်းပြီး ၁၉၈၈ ခုနှစ်၊ အောက်တိုဘာလ (၁၂) ရက်နေ့တွင် မှတ်ပုံတင်ဖွဲ့စည်းတည်ထောင်ခဲ့ပေသည်။ ထို့နောက် ၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရခိုင်ပြည်နယ်၌ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လွှတ်တော်ကိုယ်စားလှယ် (၁၁) နေရာတွင် အနိုင်ရရှိခဲ့ခြင်းဖြင့် မြန်မာနိုင်ငံတွင် တတိယအများဆုံး အနိုင်ရရှိသည့် နိုင်ငံရေးပါတီအဖြစ် မှတ်တမ်းဝင်ခဲ့ပေသည်။ သို့ရာတွင် ယင်းနောက်ပိုင်း မြန်မာနိုင်ငံ၏ နိုင်ငံရေးအပြောင်းအလဲများကြောင့် (၆-၃-၁၉၉၂) ရက်နေ့တွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှာ ပါတီမှတ်ပုံတင် ဖျက်သိမ်းခံခဲ့ရသည်။ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရခိုင်ပြည်သူတို့က အပ်နှင်းလိုက်သည့် တာဝန်ကို ထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ခံယူလျက် ၁၉၉၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၌ အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီများ စုပေါင်းဖွဲ့စည်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတွင် ပါဝင်ကာ နိုင်ငံရေးတာဝန်များကို ဆက်လက်ဆောင်ရွက်ခဲ့ပေသည်။ ထို့ကြောင့်လည်း အဆိုပါကော်မတီ၏ မူဝါဒနှင့်အညီ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် မိမိ၏ပါတီအား ထပ်မံမှတ်ပုံတင်ခြင်းမရှိသကဲ့သို့ ၂၀၁၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မှု မပြုလုပ်ခဲ့ပေ။ ရွေးကောက်ပွဲအပြီး ဖွဲ့စည်းခဲ့သော အစိုးရသစ်လက်ထက်တွင် ပြောင်းလဲဖြစ်ပေါ်လာသည့် နိုင်ငံရေးဖြစ်စဉ်များကြောင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိ၏မူလရည်မှန်းချက်များကို ဆက်လက်အကောင်အထည်ဖော်ရန် လိုအပ်လာ၍ အောက်ပါလုပ်ငန်းစဉ် အခြေခံစည်းမျဉ်းများဖြင့် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်း တည်ထောင်ခဲ့ကြသည်။ ထို့နောက်တွင် ရခိုင်ပြည်သူတို့၏ ဆန္ဒကို အလေးအနက်ထားသည့်အနေဖြင့်၎င်း၊ ရခိုင်အမျိုးသား အကျိုးစီးပွားကို ပိုမိုဆောင်ကျဉ်းပေးနိုင်မည်ဟု အကြွင်းမဲ့ယုံကြည်ခဲ့သဖြင့်လည်းကောင်း၊ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်သည် တိုင်းရင်းသားလူမျိုးများတန်းတူရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရရှိရေးနှင့် လူမျိုးကိုအခြေခံသည့် ပြည်နယ်များနှင့် ဖွဲ့စည်းထားသော စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆိုသည့် မူပေါ်တွင် အခိုင်အမာရပ်တည်ကာ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP) နှင့် ပူးပေါင်းပြီး ရခိုင်အမျိုးသားပါတီအဖြစ် ဖွဲ့စည်းကြမည်ဖြစ်ကြောင်း (၁၆-၅-၂၀၁၃) ရက်နေ့တွင် သဘောတူဆုံးဖြတ်ခဲ့ကြသည်။

သို့ရာတွင် ရခိုင်အမျိုးသားပါတီ၏ ပထမအကြိမ်ညီလာခံကို ၂၀၁၄ ခုနှစ် စက်တင်ဘာလတွင် သံတွဲမြို့ ငပလီကမ်းခြေတွင် ကျင်းပခဲ့သည့်အချိန်၌ ရခိုင်တိုင်းရင်းသားများတိုးတက်ရေးပါတီ (RNDP) သည် နှစ်ပါတီညီညွတ်ရေးထက် ၎င်းတို့ပါတီအများစု နေရာရရှိရေးကို နည်းမျိုးစုံဖြင့် လုပ်ဆောင်ခဲ့သဖြင့် ရခိုင်အမျိုးသားပါတီ၏ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၃၉) ဦးတွင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ (၇) ဦးသာ ပါဝင်ခဲ့ပြီး ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီမှ (၃၂) ဦး ရရှိခဲ့သည်။ နောက်ပိုင်း ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအတွက် ရခိုင်အမျိုးသားပါတီမှ ကိုယ်စားလှယ်လောင်းများ ရွေးချယ်ရာတွင်လည်း ယခင် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်များကို ပထုတ်ကာ ရခိုင်တိုင်းရင်းသားများ တိုးတက်ရေးပါတီ (RNDP) ဝင်များ ရရှိရေးကိုသာ အားသွန်ခွန်စိုက် လုပ်ဆောင်လာခဲ့သည်။ ဤသို့ဖြင့် ရခိုင်တိုင်းရင်းသားတိုးတက်ရေးပါတီသည် မိမိတို့ပါတီ ဩဇာကြီးထွားရေးကိုသာ အာရုံစိုက် လုပ်ဆောင်ခဲ့ခြင်းဖြင့် ရခိုင်အမျိုးသားပါတီ၏ ညီညွတ်ရေးနှင့် ရခိုင်အမျိုးသားတို့၏ အကျိုးစီးပွားများကို များစွာထိခိုက်စေခဲ့သည်။ မိုမိုကြီးမားစွာ ထိခိုက်စေသည့် လုပ်ဆောင်ချက်မှာ ရခိုင်အမျိုးသားပါတီ၏ သဘောထားကြေညာချက် (၁/၂၀၁၆) နှင့် (၂/၂၀၁၆) တို့မှာ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှ ပါဝင်နေသူ (၇) ဦးကို ဆွေးနွေးခြင်း၊ ဆက်သွယ်ခြင်းတို့ လုံးဝမပြုလုပ်ဘဲ ကြေညာခြင်းဖြစ်သည်။ ထို့ကြောင့်လည်း ရခိုင်အမျိုးသားပါတီ၏ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ဝင် ဗဟိုအလုပ်အမှုဆောင်ကော်မတီ (၆) ဦးတို့မှ (၆-၃-၂၀၁၆) နေ့တွင် ရန်ကုန်မြို့ တော်ဝင်နှင်းဆီခန်းမ၌ အဆိုပါကြေညာချက်များနှင့်ပတ်သက်၍ သတင်းစာ ရှင်းလင်းပွဲ ပြုလုပ်ခဲ့ကြသည်။ အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ရခိုင်အမျိုးသားပါတီ (ALD) က ကြေညာချက်အမှတ် (၁/၂၀၁၆) နှင့် (၂/၂၀၁၆) တို့သည် ရခိုင်အမျိုးသားပါတီ၏ စည်းလုံးညီညွတ်မှုကို ပြိုကွဲစေခြင်း၊ ရခိုင်အမျိုးသားပါတီ၏ လွှတ်တော်ကိုယ်စားလှယ်များအား အစိုးရအဖွဲ့ အစည်းများတွင် ပါဝင်တာဝန်ယူခွင့်ကို အကြောင်းမဲ့ဟန့်တားရာရောက်ခြင်း၊ ရခိုင်ပြည်သူများ၏ အကျိုးစီးပွားနှင့် ဆန့်ကျင်ခြင်းနှင့် နှစ်ပါတီတို့ မူလထားရှိခဲ့သည့် ရည်မှန်းချက်များကို ပျက်ပြားစေသဖြင့် ရခိုင်အမျိုးသားပါတီ (ALD) အနေဖြင့် အဆိုပါ ကြေညာချက်တို့မှာ တရားမဝင်ကြောင်းနှင့် လိုက်နာ ဆောင်ရွက်မည်မဟုတ်ကြောင်း ထုတ်ပြန်ခဲ့ကြပါသည်။ ထို့နောက်တွင် ရခိုင်အမျိုးသားပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီ (RNDP) က (၁၃-၃-၂၀၁၆) ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ရခိုင်ဒီမို ကရေစီအဖွဲ့ချုပ်ဝင် ရခိုင်အမျိုးသား ပါတီ၏ ဗဟိုအလုပ်အမှုဆောင် (၆) ဦးတို့အား ရခိုင်အမျိုးသားပါတီမှ ထုတ်ပယ်ကြောင်း ကြေညာခဲ့ပါသည်။

သို့ဖြစ်၍လည်း ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် မိမိတို့၏ မူလရည်ရွယ်ချက်များကို အကောင် အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ယခုကဲ့သို့ ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်ကို တတိယအကြိမ် ပြန်လည် ဖွဲ့စည်း တည်ထောင်ရခြင်းဖြစ်သည်။

**လုပ်ငန်းစဉ်**

(၁) ရခိုင်အမျိုးသားရေးနှင့်တကွ တစ်မျိုးသားလုံး၏ အကျိုးစီးပွား တိုးတက်မြင့်မားရေး အတွက် တမျိုးသားလုံး စည်းလုံးညီညွတ်ရေးကို ကြိုးပမ်းဆောင်ရွက်ရန်။

(၂) တိုင်းရင်းသားလူမျိုးများအားလုံး တန်းတူရေး၊ အမျိုးသားကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးတို့အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(၃) ဒီမိုကရေစီအခွင့်အရေး၊ လူ့အခွင့်အရေး၊ လူနည်းစုများအခွင့်အရေး တိုးတက်ကောင်းမွန်လာရေး၊ တရားဥပဒေစိုးမိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့အတွက် ကြိုးပမ်း ဆောင်ရွက်ရန်။

(၄) ပြည်တွင်းစစ်ရပ်စဲပြီး ထာဝရတည်တံ့နိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေး ရရှိရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန်။

(၅) ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၏ ဒီမိုကရေစီအခြေခံမူများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုစစ်စစ်မူနှင့်သော်လည်းကောင်း၊ မကိုက်ညီသော အချက်အလက်များနှင့် ဥပဒေအပိုဒ်များကို ပြင်ဆင်ရေးနှင့် တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေးတို့ကို အမျိုးသားပြန်လည်သင့်မြတ်ရေး ဦးတည်ချက်ဖြင့် ကြိုးပမ်း ဆောင်ရွက်ရန်။

(၆) လယ်ယာမြေအားလုံးသည် နိုင်ငံတော်မှပိုင်ဆိုင်သည်ဟုဆိုစေကာမူ လယ်ယာမြေဥပဒေနှင့် ပတ်သက်၍ လယ်သမားများသည် လယ်လုပ်ပိုင်ခွင့်ရှိရုံသာမက လယ်ယာမြေများကို ပိုင်ဆိုင်ခွင့်ရရှိရေးအတွက် လယ်ယာမြေဥပဒေကို ပြင်ဆင်နိုင်ရေး ဆောင်ရွက်သွားရန်။ ထို့ပြင် လယ်သမားများအနေဖြင့် မိမိတို့၏ဆန္ဒများကို ဖော်ထုတ်အကောင်အထည်ဖော်နိုင်ရန် လယ်သမားသမဂ္ဂများ ပေါ်ပေါက်လာရေးအတွက်ကိုလည်း ဆောင်ရွက်ရန်။

(၇) အလုပ်သမားများ၏ ရသင့်ရထိုက်သော အခွင့်အရေးနှင့် ရပိုင်ခွင့်များ ခေတ်နှင့်လျော်ညီသည့် လုပ်ခလစာများ ရရှိရေး အပါအဝင် လွတ်လပ်သော အလုပ်သမား သမဂ္ဂများ ပေါ်ပေါက်ရေးအတွက် ဆောင်ရွက်ရန်။

(၈) အမျိုးသမီးများနှင့် ကလေးသူငယ်များ၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ကာကွယ်စောင့်ရှောက်သွားရန်။

(၉) ရခိုင်ပြည်နယ်တွင် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသည့် အကျိုးစီးပွားများကို ချမှတ်ထားသော မူဝါဒများနှင့်အညီ ရယူခံစားနိုင်ရေး ဆောင်ရွက်သွားရန်။

(၁၀) ပြည်တွင်းနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုများကြောင့် ရရှိလာသည့် အကျိုးစီးပွားများကို ချမှတ်ထားသော မူဝါဒများနှင့်အညီ ရယူခံစားနိုင်ရေး ဆောင်ရွက်သွားရန်။

(၁၁) ရခိုင်အမျိုးသားများ၏ သမိုင်း၊ စာပေ၊ ယဉ်ကျေးမှု အမွေအနှစ်များနှင့် ဓလေ့ထုံးတမ်းများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်း ကာကွယ်စောင့်ရှောက်သွားရေးတို့ကို ဆောင်ရွက်သွားရန်။

(၁၂) ရခိုင်ပြည်နယ်အတွင်းရှိ မြေပေါ်မြေအောက် ယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်၊ ထိန်းသိမ်းကာကွယ် စောင့်ရှောက်သွားရေးတို့ကို ဆောင်ရွက်သွားရန်။

(၁၃) ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး အခွင့်အလမ်းများ တိုးတက်မြင့်မား ကောင်းမွန်ရေးအတွက် ဆောင်ရွက်ရန်။

(၁၄) ရခိုင်ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ရရှိလာရေးအတွက် ဖန်တီးဆောင်ရွက်သွားရန်။

(၁၅) ရခိုင်ပြည်သူများအတွက် ရေလုပ်ငန်း၊ လယ်ယာမြေ၊ သဘာဝအရင်းအမြစ်နှင့် ကုန်စည် ကူးသန်းရောင်းဝယ်ရေး အစရှိသော ကဏ္ဍအသီးသီးတို့တွင် ပြည်သူတို့ကိုယ်တိုင် ပါဝင် ဆုံးဖြတ်နိုင်သော ယန္တယားတစ်ရပ်ကို သက်ဆိုင်ရာကိုယ်စားလှယ်များနှင့် ပူးပေါင်းကာ အကောင်အထည်ဖော် ဆောင်ရွက်ရန်။

(၁၆) နိုင်ငံတကာဆက်ဆံရေးနှင့်ပတ်သက်၍ မူဝါဒတစ်ရပ် ချမှတ်ထားရှိရန်။

(၁၇) ရခိုင်ပြည်နယ်အတွင်းရှိ မြေပေါ်မြေအောက် သဘာဝအရင်းအမြစ်များအား ဖော်ထုတ် သုံးစွဲရာတွင် ချမှတ်ထားသော မူဝါဒများနှင့်အညီ ရရှိခံစားနိုင်ရေး ဆောင်ရွက်သွားရန်။

(၁၈) ပြည်ပရောက်ရခိုင်လူမျိုးများအပါအဝင် မြန်မာနိုင်ငံသားများအားလုံး မိမိနိုင်ငံသို့ ဘေးကင်းလုံခြုံစွာဖြင့် ဂုဏ်သိက္ခာရှိရှိ ပြန်လည်ရောက်ရှိနိုင်ရေးကို ဆောင်ရွက်သွားရန်။

(၁၉) တစ်ပါတီအာဏာရှင်စနစ်အပါအဝင် မည်သည့်အာဏာရှင်စနစ်မျှ မြန်မာနိုင်ငံတွင် ပြန်လည် မပေါ်ထွန်းရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားရန်။

## အခန်း (၁)

## ပါတီအမည်၊ အလံနှင့် အမှတ်တံဆိပ်

၁။ အမည် - ဤအဖွဲ့ကို ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် (Arakan League For Democracy) ဟု ခေါ်တွင်စေရမည်။ အတိုကောက်မှာ အင်္ဂလိပ်ဘာသာအားဖြင့် (ALD)၊ မြန်မာဘာသာအားဖြင့် (ရဒဖ) ဖြစ်သည်။

၂။ အလံ - နောက်ခံအဖြူရောင်နှင့်အနီရောင်ကို အလျားလိုက် အညီအမျှထားကာ အဖြူရောင်မှာ အပေါ်၌ရှိပြီး အနီရောင်မှာ အောက်ခြေ၌ရှိရမည်။ အပေါ်ပိုင်း လက်ဝဲဘက်တွင် ရခိုင်တို့၏ ဝတီ (၇) ရပ်ကို ကိုယ်စားပြု၍ ထောင့်ခုနစ် ထောင့်ပါ ကြယ်နီတစ်လုံးပါရှိပြီး အလယ်တွင် ရခိုင်အမျိုးသားတို့ပြယုဂ် ဖြစ်သည့် သတ္တဝါကိုးမျိုးတို့၏ အရေးပါသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့် ရွေးချယ်ပြုလုပ်ထားသော နဝရူပဗျာလွှရုပ်တုပုံဖြင့် အောက်ပါအတိုင်း ဖြစ်သည်။ ဤ နဝရူပဗျာလွှရုပ်တုပုံသည် အောင်မြင်ခြင်း၊ ပျော်ရွှင်ခြင်း၊

ချစ်ကြည်ခြင်း၊ စည်းလုံးခြင်း၊ ငြိမ်းချမ်းခြင်း၊ ရဲရင့်ခြင်း၊ သစ္စာရှိခြင်း၊ အမြော်အမြင်ကြီးခြင်း နှင့် လာဘ်လာဘကို ဖော်ဆောင်နိုင်ခြင်း လက္ခဏာများကို ကိုယ်စားပြုသည်။



၃။ အမှတ်တံဆိပ် - ရခိုင်အမျိုးသားတို့ပြယုဂ်ဖြစ်သည့် သတ္တဝါကိုးမျိုးတို့၏ အရေးပါသော ကိုယ်အင်္ဂါအစိတ်အပိုင်းတို့ဖြင့် ရွေးချယ်ပြုလုပ်ထားသော နဝရူပဗျာလ ရုပ်တုပုံဖြင့် အောက်ပါအတိုင်းဖြစ်သည်။



၄။ တည်နေရာ - အမှတ် (၅၀၉)၊ ငြိမ်းချမ်းရေးလမ်း၊ မြို့သစ်ရပ်ကွက်၊ ကျောက်တော်မြို့၊ ရခိုင်ပြည်နယ်။

ဆက်သွယ်ရန် - အမှတ် (၃၀၄/၃၃၂)၊ ဘုရင့်နောင်လမ်း၊ အမှတ် (၂) ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉ ၅၁၄၃၈၂၃

## အခန်း (၂)
## ပါတီစည်းမျဉ်းနှင့် ဖွဲ့စည်းပုံ

ပါတီ၏ စည်းမျဉ်းနှင့် ဖွဲ့စည်းပုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ပါတီညီလာခံ

(ခ) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေး

(ဂ) ရပ်ကွက်၊ ကျေးရွာအုပ်စု အစည်းအဝေး

အထက်ဖော်ပြပါ ပါတီညီလာခံနှင့် အစည်းအဝေးများမှ ပါတီ၏ အဖွဲ့အစည်းအဆင့်ဆင့်ကို ရွေးချယ်ဖွဲ့စည်းသွားရမည်ဖြစ်သည်။ ထိုသို့ ဖွဲ့စည်းရာတွင် ပါတီအဆင့်ဆင့်အားလုံးတွင် ဒီမိုကရေစီနည်းအရ လွတ်လပ်စွာရွေးချယ်ခြင်းဖြင့် ဖွဲ့စည်းရမည်။ ထို့ပြင် ပါတီ၏အောက်ခြေအဖွဲ့အစည်းများသည် အထက်အဖွဲ့အစည်းများ၏ ဆုံးဖြတ်ချက်များကို လေးစားလိုက်နာရမည်။

(ဃ) ရပ်ကွက် ကျေးရွာအဖွဲ့အစည်း၏ အမြင့်ဆုံးပါတီအဖွဲ့အစည်းသည် ရပ်ကွက်ကျေးရွာသင်းလုံးကျွတ် အစည်းအဝေးဖြစ်သည်။

(င) မြို့နယ်ပါတီအဖွဲ့အစည်း၏ အမြင့်ဆုံးအဖွဲ့အစည်းသည် မြို့နယ်အဖွဲ့အစည်း၏ သင်းလုံးကျွတ် အစည်းအဝေးဖြစ်သည်။

(စ) ပါတီတစ်ရပ်လုံး၏ အမြင့်ဆုံးအဖွဲ့အစည်းသည် ပါတီညီလာခံဖြစ်သည်။

(ဆ) ပါတီညီလာခံနှင့် အစည်းအဝေးများ၏ ကြားကာလတွင် အဆင့်အားလုံးတွင်ရှိသော ရွေးချယ်ဖွဲ့စည်းထားသည့် ပါတီအဖွဲ့အစည်းများသည် သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် အမြင့်ဆုံးအဖွဲ့အစည်းများဖြစ်သည်။

(ဇ) တစ်မျိုးသားလုံးနှင့်ဆိုင်သောအရေးအရာများကို ဗဟိုဦးစီးအဖွဲ့၏ ကြေငြာချက် (သို့မဟုတ်) ဆုံးဖြတ်ချက်မပြုမီ မည်သည့်မြို့နယ် အဖွဲ့အစည်းများမှ ကြေငြာခြင်းမပြုလုပ်ရ။ သို့ရာတွင် ဗဟိုဦးစီးအဖွဲ့အား အကြံပေးခြင်း၊ အချင်းချင်းဆွေးနွေးခြင်းတို့ကို ပြုလုပ်နိုင်သည်။

(ဈ) မြို့နယ်ဆိုင်ရာကိစ္စရပ်များတွင်မူ သက်ဆိုင်ရာမြို့နယ် အဖွဲ့ချုပ်များက ပါတီ၏မူဝါဒများနှင့်အညီ ဆုံးဖြတ်ချက်ချနိုင်သည်။

(ည) အသစ်ဖွဲ့စည်းသော မြို့နယ်၊ တိုက်နယ်၊ ကျေးရွာ ရပ်ကွက်အဖွဲ့ချုပ်များသည် မိမိနှင့်သက်ဆိုင်သော အထက်အဖွဲ့၏ အတည်ပြုချက်ကို ရယူရမည်။

# အခန်း (၃)
# ဖွဲ့စည်းပုံ

၁။ **ပါတီညီလာခံ**

(က) ပါတီညီလာခံကို မြို့နယ်အစည်းအဝေးများမှ ဒီမိုကရေစီနည်းအရ ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များဖြင့် ကျင်းပရမည်။ ညီလာခံသက်တမ်းကို ညီလာခံ၌ ဆွေးနွေးဆုံးဖြတ်ပြီးမှ သတ်မှတ်မည်။

(ခ) ပါတီညီလာခံကို ဗဟိုဦးစီးအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့်သာ ခေါ်ယူကျင်းပနိုင်သည်။ သို့ရာတွင် မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များအားလုံး စုစုပေါင်း၏ ထက်ဝက်ကျော်ကို ကိုယ်စားပြုသော မြို့နယ်အဖွဲ့အစည်းများက ပါတီညီလာခံကိုကျင်းပရန် တောင်းဆိုပါက ဗဟိုဦးစီးအဖွဲ့သည် ထိုတောင်းဆိုသည့်အတိုင်း ဆောင်ရွက်ရမည်။

(ဂ) ပါတီညီလာခံသည် တက်ရောက်ခွင့်ရှိသော ညီလာခံကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ကိုယ်စားလှယ်များ တက်ရောက်မှသာ တရားဝင်သော ညီလာခံဖြစ်သည်။

**ပါတီညီလာခံ၏ လုပ်ငန်းနှင့်တာဝန်များ**

(က) ဗဟိုဦးစီးအဖွဲ့နှင့် အခြားအဖွဲ့များကတင်ပြသော အစီရင်ခံစာများကို လက်ခံ၊ ကြားနာ၊ ဆွေးနွေးရန်နှင့် ပြင်ဆင်ဖြည့်စွက်ရန်။

(ခ) လိုအပ်ပါက ပါတီဖွဲ့စည်းပုံအခြေခံဥပဒေစည်းမျဉ်း၊ နိုင်ငံရေးမူဝါဒနှင့် သဘောတရား၊ လုပ်ငန်းစဉ်တို့ကို ဆုံးဖြတ်ရန်၊ ပြင်ဆင်ရန်။

(ဂ) ပါတီ၏ရှေ့လုပ်ငန်းစဉ်များနှင့် မူဝါဒများကို သုံးသပ်ဆုံးဖြတ်ရန်။

(ဃ) ဗဟိုဦးစီးအဖွဲ့ကို ရွေးချယ်တင်မြှောက်ရန်တို့ဖြစ်သည်။

၂။ **ဗဟိုဦးစီးအဖွဲ့**

(က) ဗဟိုဦးစီးအဖွဲ့ကို ညီလာခံသို့ တက်ရောက်လာသော ကိုယ်စားလှယ်များအနက်မှ ကိုယ်စားလှယ် (   ) ဦးကို ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက် ဖွဲ့စည်းရမည်။

(ခ) ဗဟိုဦးစီးအဖွဲ့သည် ပါတီညီလာခံ ကျင်းပမည့်နေ့ရက်ကို သတ်မှတ်နိုင်သကဲ့သို့ ရွှေ့ဆိုင်းနိုင်သည်။

(ဂ) ဗဟိုဦးစီးအဖွဲ့သည် ပါတီညီလာခံသို့တက်ရောက်ရန် ကိုယ်စားလှယ်ရွေးချယ်ခံရန်အတွက် လုပ်ထုံးလုပ်နည်းများကို ဆုံးဖြတ်ရမည်။

(ဃ) ဗဟိုဦးစီးအဖွဲ့သည် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ရွေးချယ်တာဝန်ပေးရမည်။

၃။ **နာယက**

နာယကအဖွဲ့ကို အသက်အရွယ်အားဖြင့်ကြီးပြီး၊ နိုင်ငံရေးအတွေ့အကြုံရင့်ကျက်သော ဗဟိုဦးစီး အဖွဲ့ဝင်များအနက်မှ (၃) ဦး သို့မဟုတ် (၅) ဦးဖြင့် ဖွဲ့စည်းနိုင်သည်။ မြို့နယ်နှင့်ရပ်ကွက် ကျေးရွာအဖွဲ့ချုပ် တို့တွင် သက်ဆိုင်ရာ နာယကအဖွဲ့ကို မိမိတို့ပါတီဝင်များထဲမှ သင့်တော်သည့်အရေအတွက်ဖြင့် ဖွဲ့စည်းနိုင်သည်။

၄။ **ဗဟိုအလုပ်အမှုဆောင်အဖွဲ့**

(က) ဗဟိုဦးစီးအဖွဲ့ဝင်များအနက်မှ (၁၅) ဦး သို့မဟုတ် (၁၉) ဦးဖြင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ကို ဖွဲ့စည်းရမည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ဗဟိုဦးစီးအဖွဲ့ကို တာဝန်ခံ ရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ (၁) ဦး၊ အထွေထွေအတွင်းရေးမှူး (၁) ဦး၊ ဒုဥက္ကဋ္ဌ ( ) ဦး၊ တွဲဖက်အထွေထွေအတွင်းရေးမှူး ( ) ဦးကို ဒီမိုကရေစီနည်းဖြင့် ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်တစ်ဦးသည် ပါတီ၏ နိုင်ငံရေး၊ စည်းရုံးရေး၊ ပြန်ကြားရေး၊ ပညာရေး၊ ဘဏ္ဍာရေး၊ စီးပွားရေး၊ အလုပ်သမားအရေး၊ တောင်သူလယ်သမားအရေး၊ လူငယ်၊ အမျိုးသမီးနှင့် ကလေးသူငယ်များအရေး စသည့် ကော်မတီတစ်ခုခုကို ဦးဆောင်တာဝန်ယူရမည်။ လိုအပ်လျှင် တစ်ဖွဲ့ထက်ပို၍ တာဝန်ထမ်းဆောင်နိုင်သည်။

(ဃ) ဥက္ကဋ္ဌရာထူးလစ်လပ်လျှင် ဒုဥက္ကဋ္ဌတစ်ဦးဦးမှ ယာယီတာဝန်ယူရမည်။ အထွေထွေ အတွင်းရေးမှူးရာထူး လစ်လပ်ခဲ့လျှင် တွဲဖက်အထွေထွေအတွင်းရေးမှူးမှ ယာယီ တာဝန်ယူရမည်။

(င) ဗဟိုအလုပ်အမှုဆောင်အဖွဲ့တွင် အဖွဲ့ဝင်တစ်ဦးဦး လစ်လပ်ခဲ့လျှင် ဗဟိုဦးစီးအဖွဲ့ဝင် တစ်ဦးဦးအား ယာယီတာဝန်ပေးအပ်ရမည်။

**ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အခြားနိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ရန် တာဝန်ယူရမည်။

(ခ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် အဖွဲ့ချုပ်ရုံး (ဗဟို-ရန်ကုန်)၊ အဖွဲ့ချုပ်ရုံး (ဗဟို-ရခိုင်ပြည်နယ်)၊ အဖွဲ့ချုပ်ရုံး (တောင်ကုတ်) နှင့် မြို့နယ်အဖွဲ့ချုပ်များကိုလည်း ဖွဲ့စည်းရမည့်အပြင် ယင်းတို့၏ လုပ်ငန်းများကို ညွှန်ကြားရမည်။

(ဂ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် ပါတီဝင်များကို ပါတီလုပ်ငန်းစဉ်များတွင် နေရာချထား ပေးထားခြင်းအပြင် လိုအပ်သည့် လုပ်ငန်းကော်မတီများကိုလည်း ဖွဲ့စည်းနိုင်သည်။

(ဃ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့သည် စုဆောင်းရရှိသည့် ပါတီ၏ဘဏ္ဍာငွေကို ဖြန့်ဝေသုံးစွဲခြင်းတို့ကို တာဝန်ယူပြုလုပ်ရမည်။

၅။ **မြို့နယ်အလုပ်အမှုဆောင်အဖွဲ့**

(က) မြို့နယ်လုံးဆိုင်ရာအစည်းအဝေးကို တက်ရောက်လာသော ကိုယ်စားလှယ်များမှ မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ကို (၁၃) ဦး သို့မဟုတ် (၁၅) ဦးဖြင့် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ရွေးကောက်တင်မြှောက်ခြင်းခံရသော မြို့နယ်အလုပ်အမှုဆောင် အဖွဲ့ဝင်များအနက်မှ ဥက္ကဋ္ဌ (၁) ဦး၊ အတွင်းရေးမှူး (၁) ဦး၊ ဒုဥက္ကဋ္ဌ ( ) ဦး၊ တွဲဖက်အတွင်းရေးမှူး ( ) ဦး ကို ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ရခိုင်ပြည်နယ်၏ ပြင်ပတွင်ရှိသော ရန်ကုန်အပါအဝင် အခြားမြို့နယ်အဖွဲ့ချုပ်များကိုလည်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သင့်တော်သလို ဖွဲ့စည်းသွားရမည်။

**မြို့နယ်အလုပ်အမှုဆောင်အဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

(က) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များသည် ဗဟိုဦးစီးအဖွဲ့ (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဦးဆောင်မှုကို လိုက်နာရမည်။

(ခ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များသည် ဗဟိုဦးစီးအဖွဲ့ (သို့မဟုတ်) ဗဟိုအလုပ်အမှုဆောင်အဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဂ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များသည် မိမိတို့မြို့နယ်အတွင်းရှိ ပါတီဝင်များနှင့် ပါတီဘဏ္ဍာငွေများကို စနစ်ခွဲသုံးစွဲခြင်းနှင့် လုပ်ငန်းအရပ်ရပ်ကို ညွှန်ကြားခြင်းတို့ကို ပြုလုပ်ရမည်။

(ဃ) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့များသည် မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးကို တစ်နှစ်လျှင် (၁) ကြိမ် ကျင်းပရမည်။ ထူးခြားသည့် အခြေအနေများအရ အစည်းအဝေးများကို ရက်ရွှေ့ဆိုင်းခြင်း၊ စောစီးခေါ်ယူခြင်းများ ပြုလုပ်နိုင်သည်။

**မြို့နယ်လုံးဆိုင်ရာ အစည်းအဝေး၏ လုပ်ငန်းနှင့်တာဝန်များ**

(က) မြို့နယ်အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ရွေးချယ်တင်မြှောက်ခြင်းနှင့် ပါတီညီလာခံသို့ ကိုယ်စားလှယ်များစေလွှတ်နိုင်ရန် ရွေးချယ်နိုင်ခြင်းတို့ကို ပြုလုပ်ရမည်။

(ခ) ကျေးရွာ ရပ်ကွက်များမှ တင်ပြလာသော အစီရင်ခံစာများကို လက်ခံခြင်း၊ ဆွေးနွေးအတည်ပြုခြင်းများ ပြုလုပ်ရပါမည်။ ပါတီညီလာခံကိုယ်စားလှယ်များ ရွေးချယ်ပေးသည့်အခါတွင် ရန်ကုန်၊ ရောဝတီ၊ စစ်တွေ၊ ကျောက်ဖြူ သံတွဲမြို့များမှ ကိုယ်စားလှယ်

(၇) ဦးကျစီ ရွေးချယ်စေလွှတ်ခွင့်ရှိပြီး ကျန်မြို့နယ်များမှ ကိုယ်စားလှယ် (၆) ဦးကျစီ ရွေးချယ် စေလွှတ်နိုင်သည်။

(ဂ) မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးကို မြို့နယ်အလုပ်အမှုဆောင်အဖွဲ့နှင့် ရပ်ကွက် ကျေးရွာ (သို့မဟုတ်) တိုက်နယ်များမှ ကိုယ်စားလှယ်များဖြင့် ကျင်းပရမည်။

## ၆။ ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့

(က) ရပ်ကွက်/ကျေးရွာ အစည်းအဝေးကို တက်ရောက်လာသော ကိုယ်စားလှယ်များမှ ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့ဝင်များကို (၁၃) ဦး (သို့မဟုတ်) (၁၅) ဦးဖြင့် ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(ခ) ရွေးကောက်တင်မြှောက်ခြင်းခံရသော ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့ဝင်များ အနက်မှ ဥက္ကဋ္ဌ (၁) ဦး၊ အတွင်းရေးမှူး (၁) ဦး၊ ဒုဥက္ကဋ္ဌ ( ) ဦး၊ တွဲဖက်အတွင်းရေးမှူး ( ) ဦးတို့ကို ဒီမိုကရေစီနည်းအရ ရွေးကောက်တင်မြှောက်ရမည်။

(ဂ) ပါတီ၏ အထက်အဖွဲ့အစည်းများမှ ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းများကို အကောင် အထည်ဖော်ရမည်။ ထိုသို့ အကောင်အထည်ဖော်နိုင်ရန် ပြည်သူများနှင့် ရင်းနှီးပွင့်လင်း စွာ ဆက်ဆံပြီး ပါတီ၏သဘောတရားနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ စည်းရုံးရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

(ဃ) ပြည်သူများ၏ တောင်းဆိုချက်နှင့် ဆန္ဒများကို အမြဲတစေမှတ်သား၍ အထက်အဖွဲ့ အစည်းများသို့ အစီရင်ခံ တင်ပြရမည်။

(င) ပြည်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုတို့တွင် တိုးတက်သိမြင်လာ စေရေးအတွက် ကူညီဆောင်ရွက်ရမည်။

(စ) ပါတီဝင်သစ်များစုဆောင်းပြီး ပါတီဝင်ကြေးများကို စနစ်တကျ ပုံမှန်ကောက်ခံရမည်။

## ရပ်ကွက်/ကျေးရွာ အစည်းအဝေး၏ လုပ်ငန်းနှင့်တာဝန်များ

(က) ရပ်ကွက်/ကျေးရွာ အစည်းအဝေးကို (၆) လတစ်ကြိမ်ပြုလုပ်ရန်။

(ခ) ထိုအစည်းအဝေးများမှ ပါတီဝင်များနှင့် ပြည်သူတို့၏ တင်ပြချက်များကို လက်ခံဆွေးနွေး ပြီး မှတ်တမ်းပြုကာ အထက်အဖွဲ့အစည်းများသို့ တင်ပြရမည်။

(ဂ) ရပ်ကွက်/ကျေးရွာ အလုပ်အမှုဆောင်အဖွဲ့ဝင်များကို ဒီမိုကရေစီနည်းအရ ရွေးချယ် တင်မြှောက်ရမည်။ ထို့အပြင် မြို့နယ်လုံးဆိုင်ရာ အစည်းအဝေးများသို့ ကိုယ်စားလှယ် များ စေလွှတ်နိုင်ရန် ကိုယ်စားလှယ်များကို ရွေးချယ်ပေးရမည်။ ထိုသို့ရွေးချယ်ရာတွင် ကိုယ်စားလှယ် (၂) ဦးကို ရွေးချယ်ရမည်။ တိုက်နယ်အဆင့်ရှိ ကျေးရွာအုပ်စုဖြစ်ပါမူ ကိုယ်စားလှယ် (၃) ဦး စေလွှတ်နိုင်သည်။

(ဃ) ရပ်ကွက်/ကျေးရွာ/တိုက်နယ်များ၏ အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် ပါတီဝင်ထု တစ်ရပ်လုံးဖြင့် ကျင်းပရမည်။

## အခန်း (၄)
## ပါတီအခြေခံစည်းမျဉ်း၊ စည်းကမ်းများ

၁။ **ပါတီဝင်ဖြစ်ရေး**

ပါတီဝင်အဖြစ်လက်ခံခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်။

(က) ပါတီဝင်လိုသူတစ်ဦးသည် အသက် (၁၈) နှစ်ပြည့်ပြီးသူဖြစ်ရမည်။

(ခ) ရခိုင်ပြည်နယ်အတွင်းနေထိုင်သည့် ရခိုင်အမျိုးသားများနှင့် ရခိုင်ပြည်နယ်၏အကျိုးကို လိုလားသော ပြည်နယ်အတွင်း အခြေချနေထိုင်သည့် နိုင်ငံသားဖြစ်ရမည်။

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မည်သည့်ဒေသတွင် နေထိုင်သည်ဖြစ်စေ၊ ရခိုင်အမျိုးသား မိဘတစ်ဦးဦးမှ မွေးဖွားသည့် မြန်မာနိုင်ငံသားဖြစ်ရမည်။

၂။ **ပါတီဝင်အဖြစ် လက်ခံခြင်း**

(က) ပါတီဝင်ခွင့်လျှောက်ထားသူတစ်ဦးသည် ပါတီသို့ တစ်ဦးချင်းလျှောက်လွှာတင်၍ ဝင်ရောက်ရမည်။

(ခ) ပါတီဝင်ခွင့်ကို မိမိကိုယ်တိုင်လျှောက်ထားရမည်။

(ဂ) လျှောက်လွှာပုံစံတွင် အပြည့်အစုံဖော်ပြ၍ လက်မှတ်ရေးထိုးရမည်။

(ဃ) မြို့နယ် (သို့မဟုတ်) ဇဟိုအဖွဲ့အစည်းတစ်ရပ်ရပ်၏ ပါတီဝင်အဖြစ် လက်ခံကြောင်း အတည်ပြုချက်ရယူရမည်။

(င) ပါတီဝင်အဖြစ် လျှောက်ထားသူတစ်ဦးသည် အခြားနိုင်ငံရေးပါတီတစ်ခုခုမှ နုတ်ထွက်လာသူဖြစ်ပါက ယခင်ပါတီတွင် ထမ်းဆောင်ခဲ့သည့် ပါတီ၏တာဝန်ကို မှန်မှန်ကန်ကန် ဖော်ပြရမည်။ မူလပါတီမှ အမှန်တကယ်နုတ်ထွက်ခြင်းရှိ/မရှိကို ပါတီဝင်စိစစ်ရေး ကော်မတီမှ အတည်ပြုချက်ရယူပြီးမှသာ ပါတီဝင်အဖြစ် လက်ခံရမည်။

၃။ **ပါတီဝင်တစ်ဦး၏ တာဝန်ဝတ္တရားများ**

(က) ပါတီဝင်တစ်ဦးသည် အမျိုးသားရေးနှင့် တစ်မျိုးသားလုံး၏ အကျိုးစီးပွားအတွက် ကြိုးပမ်းဆောင်ရွက်ရမည်။ ပါတီနှင့်ပြည်သူ တစ်သားတည်းဖြစ်ရေးအတွက် ပြည်သူတို့၏ လိုလားချက်နှင့် ဆန္ဒများကို အစဉ်တစိုက် လေ့လာပြီး အစီရင်ခံရမည်။ ပါတီ၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းစဉ်များကိုလည်း ပြည်သူများသိရှိနားလည် သဘောပေါက် စေရန် ရှင်းလင်းပြောကြားရမည်။

(ခ) ပါတီဝင်တစ်ဦးသည် ပါတီ၏မူဝါဒများ၊ ရပ်တည်ချက်များ၊ အခါအားလျော်စွာဆုံးဖြတ်သည့် ပါတီ၏ဆုံးဖြတ်ချက်များနှင့်တကွ ပါတီ၏စည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာရမည်။

(ဂ) ပါတီဝင်တစ်ဦးသည် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းရင်းသားများ၏ တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရရှိရေး စစ်မှန်သော ပြည်ထောင်စု ပေါ်ပေါက်ရေးအတွက် ကြိုးပမ်း အားထုတ် ဆောင်ရွက်ရမည်။

(ဃ) ပါတီဝင်တစ်ဦးသည် ရခိုင်အမျိုးသားရေး၊ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးရာများကို သိရှိနားလည်အောင် လေ့လာရမည်။ ထို့ပြင် မိမိ၏ အသိဉာဏ်အဆင့်အတန်း၊ အတွေးအခေါ်မြင့်မားရေးအတွက် ကြိုးပမ်းအားထုတ်ရမည်။

## ၄။ ပါတီဝင်တစ်ဦး၏ အခွင့်အရေးများ

ပါတီဝင်တစ်ဦး၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည်။

(က) ပါတီဝင်တစ်ဦးသည် ပါတီ၏ရည်ရွယ်ချက်များ၊ သဘောထားများကို ဆောင်ရွက်ရန်အတွက် လိုအပ်ပါက ပါတီအစည်းအဝေးများတွင် တင်ပြဆွေးနွေးပိုင်ခွင့်ရှိသည်။

(ခ) ပါတီဝင်တစ်ဦးသည် ပါတီအဖွဲ့အစည်းအဆင့်ဆင့်တွင် ဆန္ဒမဲပေး ရွေးချယ်တင်မြှောက်ခွင့်၊ အရွေးခံပိုင်ခွင့်ရှိသည်။

(ဂ) ပါတီဝင်တစ်ဦးသည် ဗဟိုဦးစီးအဖွဲ့၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့အပါအဝင် မည်သည့်ပါတီအဖွဲ့အစည်းကိုမဆို အကြံပေးချက်များ၊ အဆိုပြုချက်များ၊ အစီရင်ခံစာများ တင်သွင်းခွင့်ရှိသည်။

(ဃ) ပါတီဝင်တစ်ဦးသည် ပါတီအစည်းအဝေးများတွင် မည်သည့်ပါတီအမှုဆောင်များကိုမဆို ဝေဖန်ပြောဆိုပိုင်ခွင့်ရှိသည်။

(င) ပါတီဝင်တစ်ဦးသည် မည်သည့်အကြောင်းကြောင့်မဆို ပါတီမှ နှုတ်ထွက်လိုလျှင် သက်ဆိုင်ရာမြို့နယ် အလုပ်အမှုဆောင်အဖွဲ့သို့ လျှောက်ထား နှုတ်ထွက်နိုင်သည်။

(စ) ပါတီဝင်တစ်ဦးသည် အကြောင်းအားလျော်စွာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်တစ်ခုခုသို့ ပြောင်းရွှေ့ရပါက ထိုပြောင်းရွှေ့ရောက်ရှိသော ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်တွင်တည်ရှိသည့် ပါတီအဖွဲ့အစည်း၏ ပါတီဝင်ဖြစ်နိုင်သည်။

(ဆ) ပါတီမှဦးစီးပြုလုပ်သည့် သင်တန်းများတွင်သော်လည်းကောင်း၊ ပါတီ၏ခွင့်ပြုချက်ဖြင့် ပါတီမှရွေးချယ်စေလွှတ်သည့် ပြင်ပသင်တန်းများကိုသော်လည်းကောင်း တက်ရောက်ခွင့်ရှိသည်။

## အခန်း (၅)

## ပါတီဝင်အဖြစ်မှ နှုတ်ထွက်ခြင်း၊ အရေးယူထုတ်ပယ်ခြင်းနှင့် ရပ်စဲခြင်း

### နှုတ်ထွက်ခြင်း

(က) ပါတီဝင်တစ်ဦးသည် ပါတီမှ မိမိအလိုဆန္ဒအရ နှုတ်ထွက်ခွင့်ရှိသည်။ ထိုနှုတ်ထွက်လွှာကို မိမိကိုယ်တိုင် သက်ဆိုင်ရာ ကျေးရွာ၊ ရပ်ကွက်၊ မြို့နယ်နှင့် ဗဟိုအဖွဲ့အစည်းတစ်ခုခုသို့ တင်သွင်းရမည်။ ထိုနှုတ်ထွက်လွှာကို သက်ဆိုင်ရာအဖွဲ့အစည်းမှ အတည်ပြုပါက ပါတီဝင်စာရင်းမှ ပယ်ဖျက်ရမည်။ ဤဆောင်ရွက်ချက်များကို မှတ်ပုံတင်ထားနိုင်ရန် အတွက် ပါတီအထက်အဖွဲ့အစည်းသို့ တင်ပြရမည်။

(ခ) ပါတီဝင်တစ်ဦးသည် လုံလောက်သော အကြောင်းပြချက်မရှိဘဲ ပါတီလုပ်ငန်းတာဝန်များ ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊ ပါတီဝင်ကြေးပေးရန် ပျက်ကွက်ခြင်းရှိပါက နှုတ်ထွက် လိုသောသဘောရှိသည်ဟု ယူဆရမည်။ ထိုသူ၏ဆန္ဒကို မေးမြန်း၍ နှုတ်ထွက်လိုက နှုတ်ထွက်ခွင့်ပြုကြောင်း ဆုံးဖြတ်ရမည်။ ဤဆောင်ရွက်ချက်ကို မှတ်ပုံတင်ထားနိုင်ရန် ပါတီအထက်အဖွဲ့အစည်းသို့ အစီရင်ခံရမည်။

### အရေးယူထုတ်ပယ်ခြင်း

(က) ပါတီဝင်တစ်ဦးသည် ပါတီ၏တာဝန်ဝတ္တရားများကို စည်းမျဉ်း စည်းကမ်းများနှင့်အညီ မဆောင်ရွက်ခြင်းနှင့် ပါတီစည်းကမ်းများကို ဖောက်ဖျက်ခြင်း၊

(ခ) ပါတီ၏ရည်ရွယ်ချက်များကို ပျက်ပြားအောင် ပြုမူဆောင်ရွက်ခြင်း၊၊

(ဂ) အများသဘောတူ ဆုံးဖြတ်ချမှတ်ထားသောမူကို ချိုးဖောက်ကာ မိမိဆန္ဒသဘော အလျောက် ပြောဆိုစည်းရုံးခြင်း၊၊

(ဃ) ပါတီတွင်း သင်းခွဲ-ဂိုဏ်းခွဲရန် ပြုမူဆောင်ရွက်ခြင်းတို့ကို အကြိမ်ကြိမ် သတိပေးတားမြစ် ပါလျက် ထပ်မံကျူးလွန်သူများကို သက်ဆိုင်ရာအဖွဲ့အစည်းတစ်ရပ်ရပ်သို့ တင်ပြပြီး အစည်းအဝေး၏ အများသဘောတူ ဆုံးဖြတ်ချက်ဖြင့် ပြင်းထန်စွာသတိပေးခြင်းနှင့် ပါတီမှထုတ်ပယ်ခြင်းများကို ပြုလုပ်နိုင်သည်။ ထိုသို့ ထုတ်ပယ်ခြင်းပြုရာတွင် ဗဟိုအဖွဲ့ အစည်း၏ အတည်ပြုချက်ကို ရယူရမည်။

### ရပ်စဲခြင်း

(က) ပါတီဝင်တစ်ဦး ကွယ်လွန်ခြင်း၊၊

(ခ) ရူးသွပ်ကြောင်း ဆေးဖက်ဆိုင်ရာမှ အသိအမှတ်ပြုခြင်း၊၊

(ဂ) သာသနာ့ဘောင်သို့ အမြဲဝင်ရောက်ခြင်း၊၊

ထိုပုဂ္ဂိုလ်၏အမည်ကို ပါတီစာရင်းမှ ပယ်ဖျက်ရန် ဆုံးဖြတ်ချက် ချရမည်။ ဤဆောင်ရွက်ချက်

များကို မှတ်ပုံတင်ထားနိုင်ရန် ပါတီအထက်အဖွဲ့အစည်းသို့ အစီရင်ခံရမည်။

## အခန်း (၆)

## ဘဏ္ဍာငွေရှာဖွေရေးနှင့် ထိန်းသိမ်းရေး

အဖွဲ့ချုပ်၏ ဘဏ္ဍာငွေကို အောက်ပါအတိုင်း ရှာဖွေထိန်းသိမ်းရမည်။

၁။ အဖွဲ့ဝင်တစ်ဦးချင်းထံမှ ဝင်ကြေး၊ လစဉ်ကြေးနှင့် နှစ်စဉ်ကြေး ကောက်ခံရရှိငွေ။ (ဝင်ကြေး၊ လစဉ်ကြေး၊ နှစ်စဉ်ကြေးတို့ကို ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ သတ်မှတ်သည့် နှုန်းထားအတိုင်း ဖြစ်စေရမည်။)

၂။ အဖွဲ့ဝင်တစ်ဦးချင်း (သို့မဟုတ်) အများထံမှသော်လည်းကောင်း၊ အခြားစေတနာရှင် တိုင်းရင်းသားတစ်ဦးချင်း (သို့မဟုတ်) အများ (သို့မဟုတ်) တရားဝင်အဖွဲ့အစည်းများ ထံမှသော်လည်းကောင်း ကူညီထောက်ပံ့ငွေ။

၃။ အဖွဲ့ဝင်များ (သို့မဟုတ်) အဖွဲ့အကျိုးကိုလိုလားသည့် တိုင်းရင်းသားများ၏ လုပ်အားနှင့် အခြားတရားဝင်နည်းလမ်းဖြင့် ရှာဖွေရရှိငွေ။

၄။ ဘဏ္ဍာငွေသုံးစွဲခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများကို သီးခြားစည်းမျဉ်းစည်းကမ်းများ သတ်မှတ်ရေးဆွဲရမည်။

မှတ်ချက် ။ ။ ဗဟိုအလုပ်အမှုဆောင်ကော်မတီသည် ပါတီညီလာခံတစ်ရပ် ခေါ်ဆိုချိန်အထိ ဤပါတီဖွဲ့စည်းပုံ အခြေခံစည်းမျဉ်းများကို လိုအပ်သလို ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ အစားထိုးခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ပြုလုပ်နိုင်သည်။

**ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်**

**ရန်ကုန်၊ ၂၀၁၇**